မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 31 , 2025 Volume 86 , Number 22

၃၁ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၈.၃၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၅.၅၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၈.၄၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၈.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။ ဓနုဖြူမြို့နယ်တွင် ကွမ်းရွက်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။ "ဓနုဖြူမြို့နယ်ထွက် ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိကွမ်းရွက်တစ်ပိဿာလျှင် ကျပ် ၁၈,၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဓနုဖြူမြို့နယ်ထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့အထိ ပို့ပေးတာပါ။

ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။ ဓနုဖြူမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုတ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များ ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_3112025_-1125

## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နေလှန်းဆားပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နေလှန်းဆားပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာရီကပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ဒေသထွက် နေလှန်းဆားပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း နေလှန်းဆား ပိဿာချိန် ၇၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "လပွတ္တာမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း ပိဿာချိန် ၇၂,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဇန်နဝါရီလထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းပါတယ်" ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်မာမာရီက ပြောပြသည်။ လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ကျပ် ၆၀,၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း ဒေါ်မာမာရီက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_3112025_1105

## ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြ၍ သိရသည်။ ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ၁၆ ပြည်ဝင် မတ်ပဲ အိတ်ရေ ၄၀,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလထဲမှာ ၁၆ ပြည်ဝင် မတ်ပဲအိတ်ရေ ၅၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူမှုကောင်းလာတာကြောင့် ရန်ကုန်ဘက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲတွေ၊ စပါးတွေကို ဒီဘက်ကကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုပြည်ပဈေးကွက်က တော်တော်လေးအဝယ် လိုက်လာပါတယ်" ဟု ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။ ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၁၆ ပြည်ဝင် မတ်ပဲတစ်အိတ်လျှင် ကျပ် ၁၁၆၀၀၀ ထိ ဈေးပေါက်နေပြီး အဆိုပါမတ်ပဲများ ဝယ်ယူမှုကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကား၊ အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

https://myantrade.gov.mm/article/naypyitaw_3112025_1050

## လာမည့် ဖေဖော်ဝါရီလတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၅၃ စင်း ဝင်ရောက်ဆိုက်ကပ်မည်

ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန် ဝင်ရောက်ဆိုက်ကပ်လျက် ရှိကြောင်း သိရသည်။ ထိုသို့ ဝင်ရောက်ဆိုက်ကပ်လျက်ရှိရာ လာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၅၃ စင်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလတွင် နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၆၂ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း ထို့ပြင် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း ပြည်တွင်းသို့ နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၆၃၃ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန် သီလဝါအပြင် ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်။ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန် အတွက်လည်းကောင်း ကုန်သေတ္တာသင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များပြန်လည် တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားရှိကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## အီးယူစိန်ဈေးကွက်အပေါ် ဆိုးရွားစွာသက်ရောက်စေခဲ့သည့် ရုရှားအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှု



ရုရှားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများသည် အီးယူ၏ စိန်ဈေးကွက်အပေါ် သက်ရောက်စေလျက်ရှိကြောင်း NZZ နေ့စဉ်သတင်းစာက ဖော်ပြထားသည်။ အီးယူနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ပြီး ခုနစ်နိုင်ငံ (G7) က ယူကရိန်းပဋိပက္ခနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံမှတင်ပို့လာသည့် စိန်များအပေါ် ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ အသက်ဝင်လာခဲ့သည်။ ရုရှားမှတင်ပို့သည့် စိန်များအပေါ် ပိတ်ဆို့မှုများ ချမှတ်ပြီး မကြာမီ အီးယူနိုင်ငံများအတွင်းသို့ ဝင်ရောက်လာမည့် စိန်သွင်းကုန်အားလုံး သည်ဘယ်ဂျီယံနိုင်ငံ အန့်သဝ့်ပ်အခြေစိုက်စိန်လုပ်ငန်းမှ အတည်ပြုချက် ရယူရန်လိုအပ်ကြောင်း ဥရောပကော်မရှင်ကကန့်သတ်ခဲ့သည်။

ရုရှားနိုင်ငံမှ စိန်တင်ပို့ခြင်းကို ကန့်သတ်လိုက်ခြင်းကြောင့် အန့်သဝ့်ပ်အခြေစိုက်စိန်လုပ်ငန်းတွင် ဆိုးရွားသည့် သက်ရောက်မှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် အစိုးရကကြားဝင်ဖျန်ဖြေပေးရန် စိန်လုပ်ငန်းမှတာဝန်ရှိသူများက တောင်းဆိုထားသည်။ အန့်သဝ့်ပ်အခြေစိုက် စိန်လုပ်ငန်းသည်ကမ္ဘာပေါ်ရှိ စိန်အားလုံး၏ ၈၀ ရာခိုင်နှုန်းကို ကိုင်တွယ်နေရသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ရုရှားအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ခြင်း၏ ရလဒ်ကြောင့် အဆိုပါစိန်လုပ်ငန်းရှိ ပို့ကုန်နှင့် သွင်းကုန်များမှာ ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက အနည်းဆုံး ၂၅ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။

ရုရှားနိုင်ငံသည် ဘော့စဝါနာ၊ ကွန်ဂိုနိုင်ငံကဲ့သို့သော အာဖရိကနိုင်ငံများကိုကျော်ဖြတ်၍ ကမ္ဘာပေါ်တွင် စိန်အများဆုံး ထုတ်လုပ်နေသည့် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံမှ စိန်တင်သွင်းမှုအပေါ် ချမှတ်ခဲ့သည့် ပိတ်ဆို့မှု များသည် ဘယ်ဂျီယံရှိစိန်လုပ်ငန်းကို ဆိုးရွားစွာထိခိုက်စေခဲ့ခြင်းဖြစ်သည်။

**Ref: RT**

https://myawady.net.mm/node/63848

## ၂၀၂၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ငွေကြေးဖောင်းပွမှုသည် အကြီးမားဆုံးအန္တရာယ် ဖြစ်လာနိုင်ကြောင်းကို ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အစီရင်ခံစာ၌ဖော်ပြထား

လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ၏ ကမ္ဘာ့ဘေးအန္တရာယ်များ ဆိုင်ရာ အစီရင်ခံစာအရ ငွေကြေးဖောင်းပွမှုသည် ၂၀၂၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကြီးမားဆုံး အန္တရာယ်ဖြစ်လာ နိုင်ကြောင်း၊ ပြင်းထန်သောရာသီဥတုဖြစ်ရပ်များဖြစ်သည့် ရေလွှမ်းမိုးမှု၊ အပူလှိုင်းများနှင့် လေထုညစ်ညမ်းမှုသည် တောင်အာရှ နိုင်ငံများ၏ စီးပွားရေးအတွက် သိသာထင်ရှားသော အန္တရာယ်ဖြစ်လာနိုင်ကြောင်းကို ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လေထုညစ်ညမ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ၁၀ နိုင်ငံအနက်မှ ၁ နိုင်ငံဖြစ်ပြီး ထိပ်ဆုံး ၃ နိုင်ငံမှ ၁ နိုင်ငံဖြစ်ကြောင်း၊ လူဦးရေထူထပ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများတွင် လေထုညစ်ညမ်းမှုကို ကိုင်တွယ် ဖြေရှင်းရန်အတွက် အရေးကြီးဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း၊ အစိမ်းရောင်အသွင်ကူးပြောင်းမှု လိုအပ်ကြောင်း ကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အလုပ်လက်မဲ့လူဦးရေ များပြားလာခြင်းနှင့် စီးပွားရေးကျဆင်းလာခြင်းတို့က လက်ကျန်စိန်ခေါ်မှု နှစ်ရပ်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှင့်အတူ ငွေကြေးတန်ဖိုးကျဆင်းလာခြင်း၊ နိုင်ငံခြားငွေစီးဆင်းမှုကျဆင်းလာခြင်း၊ ရင်းနှီး မြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလာခြင်းတို့နှင့် ရင်ဆိုင်နေရကြောင်းကိုလည်း WEF ၏ နောက်ဆုံး အစီရင်ခံစာတွင် တွေ့ရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၂ ခုနှစ်၌ နှစ်စဉ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုမှာ ၇ **ဒသမ** ၇ ရာခိုင်နှုန်းဖြစ်ပြီး ၁၂ လကြာ ပျမ်းမျှ ငွေကြေးဖောင်းပွမှုသည် ယခင်နှစ်များက ၉ **ဒသမ** ၄၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၁၀ **ဒသမ** ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စာရင်းအင်းဗျူရို (BBS) အရ သိရသည်။

ကမ္ဘာ့ဘေးအန္တရာယ်များဆိုင်ရာ အစီရင်ခံစာ (၂၀၂၅) သည် နိုင်ငံတော်တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ခြိမ်းခြောက် လျက်ရှိသည့် ကမ္ဘာ့အခင်းအကျင်းကို မီးမောင်းထိုးပြလျက်ရှိကြောင်း တွေ့ရသည်။

**ရင်းမြစ်။ asianews.network**

https://commerce.gov.mm/my/article/update-news-international-trade/32116

## အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သည့်ကုန်စည်များအပေါ် ကောက်ခံလာနိုင်သည့် စည်းကြပ်ခွန် အတွက် တောင်ကိုရီးယားနိုင်ငံက ကြိုတင်ပြင်ဆင်ထား

အမေရိကန်ပြည်ထောင်စုသမ္မတဒေါ်နယ်ထရမ့် သမ္မတတာဝန်ကို ဒုတိယအကြိမ်မြောက် ထမ်းဆောင်ချိန်တွင် အမေရိကန် ပြည်ထောင်စုသို့ တင်သွင်းလာမည့် ကုန်စည်များအားလုံးအပေါ် ကောက်ခံသည့်စည်းကြပ်ခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိ ကောက်ခံမည်ဟု အဆိုပြုခဲ့ပြီးဖြစ်သည့်အပြင် အိမ်ဖြူတော်တွင် ရောက်ရှိတာဝန်ယူပြီးချိန်တွင်လည်း ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ တင်သွင်းလာသည့် ကုန်စည်များအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကို ဖေဖော်ဝါရီလ အစောပိုင်းမှစတင်၍ တတ်နိုင်သမျှဆောလျင်စွာ ကောက်ခံသွားရေး ကတိပြုထားခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ တောင်ကိုရီးယားအစိုးရသည်လည်း အမေရိကန်ပြည်ထောင်စုမှ အကောင်အထည်ဖော်လာနိုင်သည့် စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဟု အမည်မဖော်လိုသည့် ကုန်သွယ်ရေးဆိုင်ရာ အဆင့်မြင့် အရာထမ်းတစ်ဦးက ၂၄-၁-၂၀၂၅ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏အဓိက ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ဟန်ချက်ညီသော ကုန်သွယ်မှုဖြစ်စေရေး ဦးတည်ဆောင်ရွက်နေသည့်အတွက် တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုလျှော့ချမည့်အစား အမေရိကန်ပြည်ထောင်စုမှ သွင်းကုန်များ ပိုမိုတင်သွင်းရေး ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ အထူးသဖြင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့သည် အမေရိကန်ပြည်ထောင်စုမှ ရေနံနှင့်သဘာဝဓါတ်ငွေ့တင်သွင်းမှုကို တိုးမြှင့် တင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ တင်သွင်းခြင်းအားဖြင့် နှစ်နိုင်ငံအကြား စုစုပေါင်းကုန်သွယ်မှုလည်း မြင့်မား လာမည်ဖြစ်ပါကြောင်း အဆိုပါကုန်သွယ်ရေး အဆင့်မြင့်အရာထမ်းမှ ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (Free Trade Agreement- FTA) အပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးမည့် ကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုဖက်မှ တရားဝင်ကြေညာမှု မရှိသေးပါကြောင်း၊ သမ္မတထရမ့်ပ်သည် အမေရိကန်သာပထမ (America First) ကုန်သွယ်မှုမူဝါဒ ခေါင်းစဉ်ပါရှိသည့် သမ္မတစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါစာချွန်လွှာတွင် အမေရိကန်နှင့်ချုပ်ဆိုခဲ့သော FTAs အားလုံးကို ပြန်လည်သုံးသပ်၍ ကုန်သွယ်ဖက်နိုင်ငံများ "အပြန်အလှန်အကျိုးရှိသော" သဘောတူညီချက်များ ပါဝင်စေရေး ဆောင်ရွက်သွားမည်ဆိုသည့် အချက်ပါဝင်ကြောင်း အဆိုပါ ကုန်သွယ်ရေး အဆင်မြင့်အရာထမ်းမှ ပြောကြားခဲ့သည်။

**Source:** https://www.koreatimes.co.kr/www/biz/2025/01/488_391049.html

**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

https://myantrade.gov.mm/article/npt-310120251220

## STOCK EXCHANGE (31.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,987 (Shares) | 34,611,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,800 | +100 | +1.30% | 7,800 | 7,800 | 7,700 | 1,288 | 10,031,400 | 33,109,694 | 258,256 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,100 | 3,050 | 5,195 | 15,847,000 | 38,929,150 | 118,734 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 2,879 | 5,184,250 | 29,664,613 | 54,880 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,100 | 3,200 | 3,100 | 190 | 599,000 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 1,030 | 1,694,050 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 0 | 0 | 10,497,598 | 43,040 |
| MAEX | 00008 | 3,100 | -150 | -4.62% | 3,100 | 3,100 | 3,100 | 405 | 1,255,500 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 30th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.01 | +0.15 | +0.04% | 379.41 | 379.41 | 373.26 | 10,987 | 34,611,200 | 8 | 711,109 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 11,794 (Shares) | 37,072,550 (MMK) |

## Main Board

As of 1:00 pm, 30th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,987 (Shares) | 34,611,200 (MMK) |

| MYANPIX | 377.01 ▲ 0.15 |
|---|---|
| Total Volume (shares) | 10,987 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,109 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,800 | ▲ 100 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 150 |

TIR